# Wait — Encounter His Presence

# ခနစောင့်ပါ- သူ့မျက်မှောက်တော်နှင့်ထိတွေ့ပါ။

၂၀၂၂ခု၊ဇန်နဝါရီလ ၂၄ရက်

*Robin J Johnson*

**နှစ်သစ်ရောက်ရှိလာသည့်အခါခေါင်းဆောင်များသည်လာမည့်နှစ်အတွက်ရူပါရုံ(သို့မဟုတ်)ဆောင်ပုဒ်စသည်တို့ကိုရေးဆွဲကာဝေမျှရန်မှာအဆန်းမဟုတ်ပါ။အများစုကနှစ်အစပိုင်းတွင်အသင်းတော်တစ်နှစ်တာလုံးမည်သို့မည်ပုံသွားမည်ဟုရေးဆွဲကာချပြသည့် "ရူပါရုံတနင်္ဂနွေ" အစီစဉ်ကိုကျင်းပကြမည်ဖြစ်သည်။**

ကျနုပ်သည်လွန်ခဲ့သောနှစ်နှစ်တာတိုးတက်မှုကိုစုစည်းပြီး(Covid ကျနော်တို့ကိုကန့်သတ်ရန်ကြိုးစားသော်လည်း)ကျနုပ်တို့တွေ့ကြုံလာခဲ့ရသည့်တိုးတက်လာမှုနှင့်အတူဆက်လက်၍နိုင်ငံတကာခရီးစဉ်များနှင့်တရားဟောခြင်းများလည်းအပါဝင်တိုးတက်မှုရှိသည်။

သို့သော်အမှန်တကယ်ကျနုပ်တို့သည်အစီစဉ်များရေးဆွဲခြင်းထက်လာမည့်နှစ်တွင်ကျနုပ်တို့၏ဩဇာလွှမ်းမိုးမှုနယ်ပါယ်အသီးသီးတွင်ပိုမိုကြီးမားသောအကျိုးသက်ရောက်မှုများလာစေရန်အမှန်တကယ်မည်သို့ထိန်းသိမ်းရမည်ကိုသိရှိရန်လိုအပ်သည်။

## "A beautiful and refreshing time"

## လှပပြီးလန်းဆန်းနေတဲ့အချိန်

သူငယ်တစ်ယောက်ရဲ့မကြာသေးမီကမှတ်ချက်ကိုဖတ်ရင်း၊ကမ္ဘာတစ်ဖက်ခြမ်းမှစကားလုံးငါးလုံးကကျနော့အာရုံကိုဖမ်းစားခဲ့တယ် "လှပပြီးလန်းဆန်းတဲ့အချိန်"။

ချက်ခြင်းပဲစကားလုံးတွေကအရင်လိုအကြိမ်ပေါင်းများစွာထပ်တူခံစားလိုစိတ်တွေဖြစ်ပေါ်လာစေတယ်။

တချိန်တည်းမှာပင်သူတို့အတွက်စိတ်ကျေနပ်မှုများဖြစ်ပေါ်ခံစားရသလိုသူတို့အပေါ်မနာလို၊ဝန်တိုစိတ်တွေလည်းဖြစ်ပေါ်ခဲ့တယ်။

ငါလည်းသူတို့လိုပြောနိုင်ခဲ့တဲ့နောက်ဆုံးအချိန်ကဘယ်အချိန်လဲလို့ကိုယ့်ကိုကိုယ်မေးမိတယ်။စိတ်မကောင်းစွာပဲမကြာသေးခင်ကအဲဒီလိုအချိန်မျိုးဆိုတာကိုမမှတ်မိတော့ပါဘူး။ကျွန်ုပ်၏သူငယ်ချင်းသည်သူ၏လုပဆန်းသစ်ခြင်းကိုပြောရာတွင်သူ၏ကိုယ်တိုင်နေ့စဉ်ဝတ်ပြုခြင်းမှထိုအရာကိုရရှိကြောင်းဆိုခြင်းမဟုတ်ပဲယုံကြည်သူများစုရုံးကာဘုရားသခင့်မျက်နှာတော်ကိုရှာကြသည့်အသင်းအဖွဲ့ဝတ်ပြုခြင်းဆိုင်ရာအတွေ့အကြုံကိုပြန်လည်ဝေမျှခြင်းသာဖြစ်သည်။

ဟုတ်ပါတယ်။ကျနော်တို့မှာစိတ်အနောက်ယှက်ဖြစ်စေတဲ့ Lockdown ကာလတွေ၊ဝန်ဆောင်မှုတွေအမျိုးမျိုးကိုကာလရှည်ပိတ်ပင်ခံခဲ့ရပြီးကန့်သတ်ချက်မရှိပြန်လည်စုဝေးနိုင်ခွင့်ရသည်မှာ ရက်သတ္တပါတ်အနည်းငယ်သာရှိပါသေးတယ်။ကျနော်တို့မှာကောင်းမွန်တဲ့ဝန်ဆောင်မှုတွေရရှိခဲ့ကြပေမဲ့ငါ့ သူငယ်ချင်းပြောသလို "လုပပြီးလန်းဆန်းတယ်" လို့အတိအကျပြောနိုင်သူမရှိပါဘူး။

ဤသည်မှာအလွန်အစီစဉ်ကျသောရှုထောင့်တစ်ခုဖြစ်ပြီးအခြားသူများသဘောမတူနိုင်သော်လည်းဘုရားသခင့်ဘုန်းတော်နှင့်တကြိမ်ခန့်မျှထိတွေ့ဖူးသောသူအတွက်မှာမူဘုရားသခင့်မျက်မှောက်တော်နဲ့ထိတွေ့ရခြင်းသည်ကောင်းကင်ဘုံပလ္လင်တော်မှယိုစီးလာသောချစ်ခြင်းမေတ္တာရေကဲ့သို့ဖြစ်ပြီးအခြားမည်သည့်အရာကမျှထိုကဲ့သို့ကျေနပ်အားရမှုပေးနိုင်မည်မဟုတ်ပါ။

ကျနော့်ကိုနားလည်မှုမလွဲကြပါနဲ့၊ထိုအရာအတွက်ကျနော်ဝေဖန်ရေးလုပ်နေတာမဟုတ်သလိုကျေးဇူးကန်းတာလည်းမဟုတ်ပါဘူး။ဒါပေမယ့်ဘုရားရဲ့မျက်မှောက်တော်နဲ့ထိတွေ့ခြင်းကိုကျနော်ပိုပြီးလိုချင်ပါတယ်။ကျနော်ယေရှုကိုပိုမိုလိုအပ်ကြောင်းကိုငါ့အထဲမှာရှိတဲ့တစ်စုံတစ်ခုကအသိမှတ်ပြုနေတယ်။သူ၏တည်ရှိမှု၊တန်ခိုး၊နှင့်ချစ်ခြင်းမေတ္တာကိုကျွန်ုပ်အထူးဗဟိုပြုလာသောအခါသူမေတ္တာနှင့်ကျနုပ်အတွက်သူ၏ဝန်တာထားမှုအထဲတွင်ကျွန်ုပ်ပျော်ဝင်နစ်မြုပ်သွားတယ်။

ကျနော်စဉ်းစားတိုင်းဟေရှာယရဲ့ "လုပပြီးလန်းဆန်းတယ်" ဆိုစကားကျနော့်စိတ်ထဲပြန်ဝင်လာတယ်။

"ထာဝရဘုရားကိုမျှော်လင့်သောသူတို့မူကား၊အားပြည့်ကြလိမ့်မည်။ရွှေလင်းယုန်ကဲ့သို့မိမိတို့အတောင်ကိုအသစ်ပြုပြင်ကြလိမ့်မည်။ပြေးသော်လည်းမပင်ပန်း၊ခရီးသွားသောအခါမမောရကြ။"
(ဟေရှာယ ၄၀း၃၁)

ကျွန်ုပ်ဆာငတ်သောအရာမှာမျက်မှောက်တော်နဲ့ထိတွေ့ချိန်တွင်မိမိတို့လိုရာများကိုသာဖွင့်မတင်ပြပဲအခြားအရာထက်ကျွန်ုပ်တို့အ တွင်းဝိညာဉ်မှငိုကြွေးခြင်းအသံဖြစ်သည့် "သန့်ရှင်းသောဝိညာဉ် တော်ဘုရား၊ကိုယ်တော်ရဲ့အသက်စမ်း ရေဖြင့်သာအကျွန်ုပ်ကိုလန်းဆန်းစေပါ၊ယေရှုကိုအကျွန်ုပ်မြင်နိုင်ပါမည့်အကြောင်းအကျွန်ုပ်မျက်စိကိုဖွင့်ပေးပါ" ဟူ၍သာအော်ဟစ်ခြင်းကိုသာအကျနုပ်ဆာငတ်သည်။

# Days of revival

## နိုးကြားမှုနေ့ရက်များ

၂၀၂၂ခုနှစ်သို့ရှေ့ဆက်သွားရမည့်များစွာသည်၎င်းတို့၏ဆန္ဒအတိုင်းလာမည့်နေ့ရက်များတွင်နိုးထလာမည်ဟုကြိုတင်ခန့်မှန်းချက်များကိုဖော်ပြလျက်ရှိကြသည်။သေချာသည်မှာထိုအရာသည် ကျွန်ုပ်တို့၏စိတ်ဆန္ဒဖြစ်သော် လည်းမည်ကဲ့သို့ဖြစ်ပျက်လာမည်ကိုမူကျွန်ုပ်တို့တိကျစွာမမြင်ရသေးသောအရာဖြစ်သည်။မည်သို့ပင်ဆိုစေကာမူကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်တန်းခိုးသွန်းလောင်းစဉ်ကောင်းကင်မှလာသောလန်းဆန်းသည့်အတွေ့ကြုံမျိုးကိုလက်မလွှတ်ရန်စိတ်အားထက်သန်စွာဆုတောင်း နေကြသည်။ယေရှုကလည်း "ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍သောက်စေ" (ယောဟန် ၇း၃၇) တွင်ဆိုထားသည်။ရေငတ်သောသူများကလန်းဆန်းမှုကိုရှာကြသည်။သင်ရေငတ်နေပါသလား။ထိုသို့ဆိုလျှင်ဘုရားခင်ကိုသာဆည်းကပ်ရှာဖွေပါ။သင်ရေငတ်၊ဆာလောင်ခြင်းမှတပါးအခြားကြိုတင်ပြင်ဆင်ခြင်းများမလိုအပ်ပါ။ဘာသာရေးသမားများကမူဘုရားသခင့်ရှေ့တော်၌သင်မျက်နှာသာရရန်အခြားနည်းလမ်းများဖြင့်ပြောပြကြမည်ဖြစ်ပြီးထို့အတွက်သင်လုပ်ဆောင်ဖြည့်ဆည်းရမည့်အချိန်ဇယားများကိုပင်ပေးကြလိမ့်မည်။တကယ်တော့အဲတာတွေမလိုအပ်ဘူး။ဘုရားကိုဆာငတ်ဖို့ပဲလိုတာပါ။

အိုဘုရားသခင်၊ကိုယ်တော်သည်အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူ၏။ကိုယ်တော်ကိုကြိုးစား၍ရှာပါ၏။ရေမရှိ၊သွေ့ခြောက်သောလွင်ပြင်၌အကျွန်ုပ်၏ဝိညာဉ်သည်ကိုယ်တော်ကိုငတ်ပါ၏။အကျွန်ုပ်၏ကိုယ်ခန္ဓာသည်လည်းကိုယ်တော်ကိုလွမ်းဆွတ်ပါ၏။ (ဆာလံ ၆၃း၁)

ဤအခြေနေတွင်နောင်တသည်အဘယ်မှာရှိသနည်းဟုသင်မေးပေမည်။နောင်တရခြင်းသည်စကားဖြင့်ရိုးရှင်းစွာစွာပြောရုံမျှသာမဟုတ်ပဲစိတ်ဓါတ်ကိုပြောင်းလဲစေကာ၎င်းအတိုင်းလက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ထိုအရာမှာဘုရားသခင်၏သနားခြင်းကျေးဇူးတော်ကိုဖမ်းဆုပ်နိုင်ရန်အတွက်အသက်တာဟောင်း(အပြုမူဟောင်း)ကိုစွန့်ပစ်ကာလျှောက်လှမ်းခြင်းဖြစ်သည်။ဤနေရာတွင်ကျွန်ုပ်နားလည်ထားသည်မှာနောင်တဟူသည်ဆာငတ်သောနလုံးသာဖြင့်ဘုရားသခင်ထံတိုးဝင်ခြင်း၊ကိုယ့်အစီစဉ်များကိုဘေးဖယ်ထားခြင်း၊ကိုယ့်အားကိုကိုးခြင်းကိုစွန့်လွှတ်ကာကိုယ်တော်ကိုသာစောင့်မျှော်ခြင်းဖြစ်သည်။

"သမင်ဒရယ်သည်ရေစီးသောချောင်းကိုတောင့်တသကဲ့သို့အကျွန်ုပ်ဝိညာဉ်သည်ကိုယ်တော်ကိုတောင့်တပါသည်ဘုရား။" (ဆာလံ ၄၂း၁)

၂၀၂၂သည်ခြေချော်၊လက်ချော်ကျနိုပ်တို့၏လက်ချောင်းများကိုဖြတ်ကျော်ပြီးနှစ်များကုန်ဆုံးသွားစေကာကျနိုပ်တို့အစပြုခဲ့သည့်နေရာမှရှေ့သို့ရွေ့လျားခြင်းမရှိသည့်အသက်တာမျိုးမဖြစ်စေပဲကျနုပ်တို့နလုံးသားထဲတွင်ဆုံးဖြတ်ချက်ချပြီးလက်တွေ့အသက်တာတွင်လိုက်လျှောက်ကြပါစို့။ယခုချိန်သည်ပြောင်းလဲရန်အချိန်ဖြစ်သည်။

တနင်္ဂနွေဝတ်ပြုခြင်းဖြစ်စေ၊အခြားသောစည်းဝေးဝတ်ပြုခြင်းများတွင်ဖြစ်စေသူ၏မျက်မှောက်တော်ထင်ရှားခြင်းကိုပန်းတိုင်ထားကာရှာဖွေရမည်ဖြစ်သည်။အကယ်၍ဘုရားသခင်နှင့်ထိတွေ့ခြင်းမရှိပါကသူ့ကိုကိုးကွယ်ရန်အမှန်တကယ်စုဝေးကြပါသည်ဟုအဘယ်သို့ဆိုနိုင်မည်နည်း။ဖြစ်နိုင်ခြေရှိသည်မှာကျနိုပ်တို့၏အစီစဉ်ဦးဆောင်မှုကိုအပြောင်းလဲလုပ်ရန်လိုအပ်ကောင်းလိုအပ်နိုင်သည်။ကျနိုပ်တို့၏အစည်းဝေးများအပြောင်းလဲလုပ်ရန်လိုအပ်ကောင်းလိုအပ်နိုင်သည်။ရိုးသားစွာဝန်ခံရမည်ဆိုလျှင်ကျနိုပ်တို့၏အစည်းဝေးများသည်ကျနိုပ်တို့၏လိုအပ်ချက်နှင့်လိုချင်သည့်စာရင်းများကိုပြုစုကာဘုရားသခင်ထံတော်သို့ယူဆောင်လာပြီးမိမိအိမ်သို့ပြန်သွားတတ်ကြသည်။ကျနိုပ်တို့၏ဆုတောင်းချက်များဘုရားသခင်ရှေ့တော်သို့ယူဆောင်လာရန်(ဖိလိပ္ပိ ၄း၆)တွင်ပြောထားပြီးကျနိုပ်သည်မည်သည့်ဆုတောင်းချက်မျိုးကိုမျှနှိမ့်ချပြောဆိုလိုခြင်းမရှိသည်မှာသေချာပါသည်။

သို့ရာတွင်သခင်ဘုရားကိုစောင့်ဆိုင်းရန်အတွက်ရိုးရှင်းစွာစုရုံးလာကြသည်ဆိုပါကအဘယ်သို့နည်း။မည်သည့်အစီစဉ်၊တင်ပြချက်မှမယူလာပဲကိုးကွယ်သောနလုံးသားဖြင့်လက်နက်ချကာသူ၏မျက်မှောက်တော်ပေါ်လွင်ထင်ရှားလာသည်ထိစောင့်မျှော်လျှက်နေပါ။မကြာခဏဆိုသလို၎င်းကဲ့သို့ကျနိုပ်ကြုံဖူးပြီး(လူဦးရေအနည်းအများနှင့်မသက်ဆိုင်ပါ)။ကိုးကွယ်သောနလုံးသားကသာဘုရားသခင့်မျက်မှောက်တော်ကိုဆွဲဆောင်ခေါ်ဖိတ်နိုင်သည်။ထိုကဲ့သို့သောနေရာမျိုးတွင်ဂီတာသမားတစ်ဦးတည်းရှိခြင်း၊သို့တည်းမဟုတ်တေးဂီတအဖွဲ့လိုက်အစုံအလင်ရှိခြင်းတို့နှင့်မသက်ဆိုင်ပါ။

**ကိုယ်တော်မူကား၊ဣသရေလအမျိုးတို့ချီးမွမ်းရာ၌ကိန်းဝပ်လျှက်သန့်ရှင်းခြင်းရှိတော်မူ၏။
(ဆာလံ၂၂း၃)**

**ဆာလောင်နေသောနလုံးသားနှင့်ချီးမွမ်းခြင်းနှင့်ပြည့်သောနှုတ်များကမျက်မှောက်တော်ကိုထင်ရှားပေါ်လွင်စေပါတယ်။**

ထာဝရဘုရား၏တံတိုင်းတော်တို့ကိုအကျနိုပ်၏ဝိညာဉ်သည်တသ၍အားလျော့လျှက်ရှိပါ၏။အကျနိုပ်နလုံးနှင့်ကိုယ်ခန္ဓာသည်အသက်ရှင်တော်မူသောသည ဘုရားသခင်ကိုအလိုရှိ၍ကြွေးကြော်ပါ၏။
(ဆာလံ ၈၄း၃)

Soaking and saturated

## ရွဲရွဲစိုသောအသက်တာ

ကျွန်ုပ်တို့သည်သခင့်ထံတော်၌နစ်မြုပ်နေရန်၊စိုရွှဲသောသောအသက်တာဖြင့်စောင့်ဆိုင်းလျှက်သခင့်ထံမှလာသောအရာကိုကြားသိလက်ခံနိုင်ရန်ပြင်ဆင်ရမည်။သေချာသည်မှာထိုအချိန်သည်လတ်ဆတ်လန်းဆန်းသည့်အထိအတွေ့အချိန်ဖြစ်ပြီး၊ဘုရားသခင်၏တန်ခိုးတော်နှင့်ရည်ရွယ်ချက်ကိုသိနားလည်လာစေသည့်အခိုက်တန့်ဖြစ်သည်။အနာဂါတ်တွင်လှုံ့ဆောင်ရန်ဆုပ်ကိုင်ထားသောအရာများကိုစတင်ဆောင်ရွက်ရန်တွေ့ထိသည့်အခိုက်တန့်တစ်ခုဖြစ်သည်။

"သို့ဖြစ်၍သင်တို့သည်ကောင်းကင်ကတန်ခိုးကိုမခံမီတိုင်အောင်ယေရုရှလင်မြို့၌နေကြဦးလော့ဟုမိန့်တော်မူ၏။" (လုကာ ၂၄း၄၉)

The inference is wait.

## ယူဆချက်ကတော့ ခဏစောင့်ပါ။

ဤအရာမှာတနင်္ဂနွေဝတ်ပြုခြင်းတွင်သုံးမိနစ်ခေတ္တရပ်နားပါသည်။ရည်ရွယ်ချက်ရှိရှိစောင့်နေခြင်းကိုကျွန်ုပ်ပြောနေခြင်းဖြစ်သည်။သတ်မှတ်ခွဲဝေထားသည့်အချိန်(မည့်သည့်ပုံစံဖြစ်စေ)တွင်ကိုးကွယ်သည့်နှစ်လုံးသားတစ်စုံဖြင့်စောင့်မျှော်နေပါ။အမြဲတမ်းလိုလိုတော့အချိန်မည်မျှကြာသည်ဟူသောအချက်နှင့်မဆိုင်ပဲကျွန်ုပ်တို့နှလုံးသားနှင့်တကွအရှုံးပေးလိုသောစိတ်ဆန္ဒဖြင့်မျက်မှောက်တော်သို့တိုးဝင်ရန်သာလိုအပ်သည်။

## ဂရုဏာတော်သည်အသက်ထက်သာ၍ကောင်းသောကြောင့်အကျွန်ုပ်၏နှုတ်သည်ကိုယ်တော်ကိုချီးမွမ်းရပါမည်။ (ဆာလံ ၆၃း၃)

၈၀ နှစ်လယ်ပိုင်းတွင်မိုးကုတ်စက်ဝိုင်းပေါ်မှဘုရားသခင်ကိုယ်တိုင်ထင်ရှားခြင်းစတင်ခံစားရသည့်အချိန်ကိုပြန်လည်သတိရမိသည်။ကျွန်ုပ်တို့ဘာလုပ်ခဲ့ကြသလဲ။စိတ်အားထက်သန်စွာဖြင့်ကျွန်ုပ်တို့ဘုရားသခင်ကိုစတင်ကာရှာဖွေရန်စုရုံးပြီးဆုတောင်းခဲ့ကြသည်။မှန်ပါတယ်။ကျွန်ုပ်တို့ကိုသူ့ရဲ့ဘုန်းတန်ခိုးတော်၊ချစ်ခြင်းမေတ္တာတော်နှင့်တန်းခိုးတို့နှင့်ပြည့်စေခဲ့ပါသည်။

**ဒိုထာဝရဘုရားအကျွန်ုပ်သည်ကိုယ်တော်၏ဗျာဒိတ်တော်အသံကိုကြား၍ကြောက်ရွံ့ပါပြီ။ဒိုထာဝရဘုရားယခုနှစ်များအတွင်းတွင်အမှုတော်ကိုပြုပြင်တော်မူပါ။ယခုနှစ်များအတွင်တွင်ထင်ရှားစေတော်မူပါ။အမျက်ထွက်တော်မူသော်လည်းဂရုဏာတရားကိုအောက်မေ့တော်မူပါ။ (ဟဗက္ကုတ် ၃း၂)**

I love His presence.

## မျက်မှောက်တော်ကိုကျွန်ုပ်နှစ်သက်သည်

ဟုတ်ပါတယ်၊သန့်ရှင်းသောဝိညာဉ်တော်ရဲ့တန်ခိုးတော်၊မေတ္တာတော်နှင့်မျက်မှောက်တော်ထင်ရှားလာပြီးကျွန်ုပ်တစ်ခုခုကိုစွဲလမ်းနေကြောင်းစွဲချက်တင်လာရင်အပြစ်ရှိတယ်။ကျွန်ုပ်ဟာကောင်းကြီးတစ်ပါးအဖြစ်အသက်ရှင်ရန်ကောင်းကြီးပေးခြင်းခံရပြီးအချိန်၊အကန့်သတ်မဲ့မှန်ကန်သောသမ္မာတရားကိုမမေ့လျော့ရန်မိမိကိုယ်ကိုအနိုင်ထက်ကြိုးစားသည်။အဘယ့်ကြောင့်လန်းဆန်းတက်ကြွသည့်တွေ့ဆုံမှုလိုအပ်ပါသနည်း။အမှောင်ထုတွင်ပျောက်ဆုံးနေသောကမ္ဘာတစ်ခုရှိပြီးအပြစ်၌နစ်မွန်းပျောက်ဆုံးနေသူများအတွက်ကယ်တင်ရှင်တစ်ပါးလိုအပ်နေပါသည်။

ယခုနှစ်အတွက်မည်သည့်အစီစဉ်မျိုးပင်ရှိနေပါစေယေရှုမိန့်တော်မူခဲ့သည့်နောက်ဆုံးအမိန့်တော်ကိုပထမဦးစားပေးရန်ကျနော်သတိပေးလိုသည်။ယေရှုကကျွန်ုပ်တို့ကိုရွေးချယ်ရာတွင်သူနဲ့အတူရှိနေရန်တခုတည်းမဟုတ်ပဲဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သောသတင်းကောင်းကိုဝေငှရန်အတွက်ပါရွေးချယ်ခဲ့ခြင်းဖြစ်သည်(မာကု ၃း၁၄)။ကျွန်ုပ်တို့တွင်အခြားလုပ်ဆောင်စရာမရှိပါ။

မနေ့ကကောင်းမွန်သည့်ထိတွေ့ခြင်းသည်ကောင်းသောအရာဖြစ်သော်လည်းလုပ်ငန်းတာဝန်မှာမပြီးဆုံးသေးပေ။လန်းဆန်းသည့်အသစ်သောထိတွေ့ခြင်းမျိုးကိုယနေ့၊မနက်ဖြန်နှင့်လာမည့်နေ့ရက်တိုင်းအတွက်လိုအပ်သည်။သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွပေးပါ။

"ထိုသို့မရှိသော်လည်းသင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါသင်တို့သည်တန်ခိုးကိုခံရ၍ယေရုရှလင်မြို့၊မှစသောယုဒပြည်၊ရှမာရိပြည်၊မြေကြီးစွန်းတိုင်အောင်ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူ၏" (တမန်တော် ၁း၈)။

**Wait, I say, wait on the Lord!**

**စောင့်ပါဟုကျွန်ုပ်ပြောသည်မှာသန့်ရှင်းသောဝိညာဉ်တော်ကိုစောင့်ပါဟုဆိုလိုသည်။**